# မူကြမ်း

## သဘာဝပတ်ဝန်းကျင်အခွင့်အရေးများဆိုင်ရာ အရှေ့တောင်အာရှ နိုင်ငံများအသင်း၏ ထုတ်ပြန်ချက်

### ၂၀၂၄-ခုနှစ်၊ မတ်လ (၇) ရက်နေ့ထိ မူကြမ်း၊

**ကျွန်ုပ်တို့၊** ဘရူနိုင်းဒါရူဆလင်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတ နိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ (အာဆီယံအဖွဲ့ ဝင်နိုင်ငံ များ) (AMS) တို့ပါဝင်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ဤမှနောက်တွင် (“အာဆီယံ”) ဟု ခေါ်ဝေါ်သုံးစွဲမည်) ၏ ဤအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံများ/ အစိုးရအဖွဲ့များ အကြီးအကဲများသည် --

၂၀၁၂ ခုနှစ်၊ အာဆီယံ ၏ လူ့အခွင့်အရေးများကြေညာစာတမ်း အပိုဒ် (၁) နှင့် အပိုဒ် (၂)၊ အထူးသဖြင့် အပိုဒ် (၂၈) တို့က လမ်းညွှန်သည့် ၂၀၀၇ ခုနှစ်၊ ပဋိညာဉ်စာတမ်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ တို့က အဖွဲ့ဝင်အဖြစ် ပါဝင်ကြသည့် ၁၉၄၈-ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူ့ အခွင့်ရေး ဆိုင်ရာ ကြေညာ စာတမ်း၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်များနှင့် အခြားသက်ဆိုင်ရာ လူ့အခွင့် အရေး စာချုပ်များ၊ အထူးသဖြင့် ၁၉၇၉ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကွန်ဗင်းရှင်း၊ ၁၉၈၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း၊ ၂၀၀၆ ခုနှစ် မသန်စွမ်း သူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် နှင့် ၂၀၀၇ ခုနှစ် ဌာနေတိုင်းရင်းသားများ၏ အခွင့် အရေးများဆိုင်ရာ ကြေညာချက် တို့အား ထပ်လောင်းအတည်ပြုလျက် --

သန့်ရှင်းကောင်းမွန်ပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေးကို အသိ အမှတ်ပြုသည့် လူ့အခွင့်အရေးများကောင်စီ ဆုံးဖြတ်ချက်အမှတ်-၄၈/၁၃ နှင့် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်-၇၆/၃၀၀ တို့အား အတည်ပြုခြင်းကို ကြိုဆိုလျှက်-

၁၉၇၂ ခုနှစ် လူသားသဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ ထုတ်ပြန် ကြေညာချက်၊ ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ Rio ထုတ်ပြန် ကြေညာချက် ၊ အထူးသဖြင့် မူဝါဒ (၁၀)၊ ရာသီဥတုပြောင်းလဲမှုတွင် ကုလသမဂ္ဂညီလာခံသို့ အဖွဲ့ဝင်များ က အတည်ပြုသည့် ၂၀၁၅ ခုနှစ် Paris သဘောတူညီချက်၊ ယင်းသည် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အရေးယူဆောင်ရွက်သည့်အခါ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းပေးရန်၊ လူ့အခွင့်အရေးများ တွင် ယင်းတို့အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိမှုများကို လေးစားရန်၊ တိုးမြှင့်ဆောင်ရွက်ရန်နှင့် စဉ်းစား ပေးရန်ဖြစ်သည်ကို အသိအမှတ်ပြုရန်ဖြစ်သည်၊ ထို့ပြင် ဇီဝကွဲပြားမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများက အတည်ပြုသည့် ၂၀၂၂ ခုနှစ် ကူမင်း- မွန်ထရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံတည်ရှိမှု

မူဘောင်၊ ယင်းသည် သန့်ရှင်းကောင်းမွန်ပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင် တစ်ရပ်ကို လူ့အခွင့် အရေးအဖြစ်အသိအမှတ်ပြုသည် တို့အား ပြန်လည်သတိရမိသောကြောင့် --

၂၀၁၉ ခုနှစ်၊ အာဆီယံနိုင်ငံများအတွင်း ကလေးသူငယ်များ၏ အခွင့်အရေးများကို တိုးမြှင့်ရေး အတွက် ကတိကဝတ်ပြုမှုကို ထပ်လောင်းအတည်ပြုခြင်းဆိုင်ရာ ပူးတွဲကြေညာချက်၊ ၂၀၂၅ ခုနှစ် မသန်စွမ်း သူများ၏ အခွင့်အရေးများကို လွှမ်းခြုံရေးဆွဲထားသော မဟာဗျူဟာစီမံချက်၊ ၂၀၀၂ ခုနှစ် အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုဆိုင်ရာ သဘောတူညီချက်၊ ၂၀၂၃ ခုနှစ် အာဆီယံ ကောင်းမွန်သည့် စီးပွားရေးမူဘောင်နှင့် ၂၀၀၅ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲ များဆိုင်ရာ အာဆီယံ ဗဟိုဌာန ထူထောင်ရေး သဘောတူညီချက် နှင့် အခြားသော စာချုပ်စာတမ်းများ ယင်းတို့ထဲတွင် အထက် ဖော်ပြပါ တို့သည် အဆိုပါအခွင့်အရေးများအား တိုးမြှင့်ရန်နှင့် ကာကွယ်ရန်တို့ကို ထောက်ကူသည့် သဘောတူညီချ က်များထဲတွင် ပါဝင်ကြသည်တို့အား ထပ်လောင်း၍ ပြန်လည်သတိရမိသောကြောင့် --

၁၉၉၃ ခုနှစ် ဗီယင်နာ ထုတ်ပြန်ကြေညာချက်နှင့် ဆောင်ရွက်ရန် အစီအစဉ်၊ ယင်းစာချုပ်တွင် လူ့အခွင့်အရေးများသည် ကမ္ဘာအနှံ့ကျယ်ပြန့်ပြီး ခွဲခြား၍ မရသည့် အပြန်အလှန်မှီခိုလျက် အပြန်အလှန် ဆက်စပ်နေကြောင်း အတည်ပြုထားသည်။ ထို့ပြင် အခြားအချက်အလက်များထဲတွင် ကလေးသူငယ်နှင့် လူငယ်၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းပုဂ္ဂိုလ်များ အပါအဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပြင် ထိခိုက်လွယ်သည့် အခြေအနေများတွင် ရှိနှင်းနေပြီးသော လူများထဲမှ အခြားအစိတ်အပိုင်း များသည် သဘာဝပတ်ဝန်းကျင်အန္တရာယ်ကို အချိုးအစား မညီမျှစွာ ခံစားကြရသည်ကို အသိအမှတ်ပြု၍ နောက်ထပ် ပြန်လည်သတိရမိသောကြောင့်--

ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာအခွင့် အရေး နှင့် စဉ်ဆက်မပြတ်ဆက်နွယ်မှု၊ ထို့ပြင် ဆက်လက်၍ ဖော်ပြလိုသည်မှာ ဘေးကင်းလုံခြုံ၊ သန့်ရှင်း ကောင်းမွန်ပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို ထိရောက်စွာ တိုးမြှင့်ခြင်းနှင့် ကာကွယ်ခြင်း တို့ဖြစ်မြောက်စေရန်အတွက် AMS က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ဘက်စုံသဘာဝပတ်ဝန်း ကျင်ဆိုင်ရာ သဘောတူညီချက်များအား အပြည့်အဝအကောင်အထည်ဖော်ရေး၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ဥပဒေမူဝါဒများကို တင်းကျပ်စွာလိုက်နာ၍၊ ဌာနဆိုင်ရာအချင်းချင်းနှင့် နယ်စည်းမခြား ပူးပေါင်းဆောင်ရွက်ရေး နှင့် အာဆီယံ လူမျိုးများအားလုံး ပါဝင်ဆောင်ရွက်ရေးတို့ လိုအပ်သည်ကို အလေးဂရုပြုမိသောကြောင့် --

ဤကြေညာချက်သည် ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ မူဘောင်ကို အင်အားဖြစ်ထွန်း စေရန် နှင့် အာဆီယံအသိုင်းအဝိုင်းအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ကို မြှင့်တင်နိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်လျက် --

ဤသို့အားဖြင့် အောက်ပါအတိုင်း ကြေညာသည်မှာ --

## ရည်ရွယ်ချက်

၁။ **ထုတ်ပြန်ချက်၏ ရည်ရွယ်ချက်** မှာ အောက်ပါတို့ကို ဆောင်ရွက်ခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင် အခွင့်အရေးများဆိုင်ရာပြဿနာရပ်များကို ဖြေရှင်းရန်အတွက် ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီး ရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် အကောင်အထည်ဖော်ရန် ဖြစ်သည် --

(၁) ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို လေးစားမှုရှိခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တိုးမြှင့် ဆောင်ရွက်ခြင်း နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(၂) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်ဖော်ထုတ်ခြင်း။

(၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ကို ရရှိပိုင်ခွင့်အား အပြည့်အဝနှင့် ထိရောက်သည့် အကောင်အထည်ဖော်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ရေးတွင် အများပြည်သူ ကိုယ်တိုင်ပါဝင်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးကို အခြေခံလျက် တရားမျှတမှုရရှိရေးတို့အပြင်၊ ထိခိုက်လွယ် သည့်အခြေနေများတွင် ရှိနေကြသည့် အုပ်စုများကို အလေးထားလျက် လူတစ်ဦးချင်းစီအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ထိရောက်သော ကုစားမှုကို ဖော်ဆောင်ပေးခြင်း။

(၄) ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို ကျင့်သုံးရန်အတွက် သဘာဝအတိုင်းတည်ရှိသည့် နေရာတစ်ခုထူထောင်ပေးရန်။

(၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအတွက် မြှင့်တင်လျှက် ကြိုးပမ်းဆောင်ရွက်သူများအား အကာအကွယ်နှင့် အထောက်အကူပေးခြင်း။

*{အယ်ဒီတာအဖွဲ့က ရေးဖွဲ့သည့် ရွေးချယ်ရန်နောက်တစ်မျိုး*

*၁။ ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့် အရေးကို လေးစားလိုက်နာခြင်း၊ ကာကွယ်ခြင်း၊ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ဖြည့်ဆည်း ပေးခြင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် နဂိုအတိုင်းဖြစ်ထွန်းစေရန် လိုအပ်ပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ကိုရရှိရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အများပြည်သူပါဝင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အခြေခံသည့် တရားမျှတမှုရရှိရေး နှင့် အထူးသဖြင့် ထိခိုက်လွယ်သည့်အခြေနေတွင်ရှိသည့် အုစ်စုများအပါအဝင် လူတိုင်းစေ့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ထိရောက်သည့် ကုစားမှုများ ရရှိခြင်းဖြင့် ဤအခွင့်အရေးများကို ကျင့်သုံးရန်အတွက် သဘာဝအတိုင်းတည်ရှိသည့် သဘာဝပတ်ဝန်းကျင်တစ်ရပ်သည်လည်းလိုအပ်ပါသည်။ ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည် တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအတွက် တိုးမြှင့်ပြီးကြိုးပမ်းကြသူများအတွက် အကာအကွယ်ပေးမှုနှင့် ထောက်ပံ့မှုသည်လည်း လိုအပ်ပါသည်။ }*

အထွေထွေပြဋ္ဌာန်းချက်များ

၂။ သန့်ရှင်းသည့်လေ၊ လုံခြုံပြီး တည်ငြိမ်သည့် ရာသီဥတုတစ်ရပ်၊ ကောင်းမွန်သည့် ဂေဟစနစ် နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သန့်ရှင်းစင်ကြယ်ပြီး လုံလောက်သည့် ရေနှင့် လုံလောက်သည့် မိလ္လာ၊ ရေဆိုးစွန့်ထုတ်စနစ်၊ ကျန်းမာသန့်ရှင်းပြီး စဉ်ဆက်မပြတ် ထုတ်လုပ်သည့် အစားအစာနှင့် အဆိပ်အတောက်ကင်းစင်သော သဘာဝပတ်ဝန်းကျင် တို့ပါဝင်သည့် ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို လူတိုင်း ရရှိစေရန်။

၃။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်၊ ယင်း၏ ကာကွယ်မှုနှင့် တိုးတက်မှုကို ဖြစ်ထွန်းစေရန်၊ ညစ်ညမ်းမှုနှင့် ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်ရန်၊ သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန် နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကို ကာကွယ်ရန် အခွင့်အရေးကို လူတိုင်းရရှိစေရန်။

၄။ **ထုတ်ပြန်ချက်** ကို အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံစံနှုန်းများ၊ အမျိုးသားအဆင့် အခြေအနေများနှင့် ပြည်တွင်းဥပဒေ၊ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အသိအမှတ်ပြု သည့် မူဝါဒများက လမ်းညွှန်သည့် လိုအပ်သော ဥပဒေပြုရေးဆိုင်ရာ၊ နည်းဥပဒေဆိုင်ရာ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် အခြားအစီအမံများကို အတည်ပြုခြင်းတို့နှင့် ကိုက်ညီစွာ အကောင်အထည် ဖော်ဆောင်ရွက်သင့်သည်။

၅။ ဖြစ်နိုင်သရွေ့ ဤ "ဤထုတ်ပြန်ချက်" သည် ပုဂ္ဂလိကဏ္ဍ နှင့် သက်ဆိုင်သင့်သည်။

၆။ ဤ "ထုတ်ပြန်ချက်" ပါ မည်သည့်ပြဌာန်းချက်မျှ ယခုအချိန်ကာလတွင်ဖြစ်စေ၊ နောင်အချိန်ကာလတွင်ဖြစ်စေ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းခြင်း သို့မဟုတ် AMS အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အခြားအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရပ်တွင် ဖော်ပြထားသော ထပ်မံပိုမို၍ အခွင့်အလမ်းသာသည့် အခွင့်အရေးများနှင့် အာမခံချက်များကို ကန့်သတ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုသင့်၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေးရာများ၌ တရားမျှတမှု ရရှိရေးတို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်၊ အများပြည်သူပါဝင်နိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးအား ခွင့်ပြုခြင်းမှ နိုင်ငံတစ်နိုင်ငံအား တားဆီးခြင်းမပြုရ။

၇။ ပြည်တွင်းဥပဒေများအရ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများကို တိုးမြှင့်ရန်နှင့် ကာကွယ်ရန်တို့အတွက် လုပ်ကိုင်နေကြသူများအား ပိုမို၍ကာကွယ်ပေးရေးအတွက် လိုအပ်နေသည်။ ထို့ပြင် ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးအတွက် လူ့အခွင့်အရေးကို ခံစားရရှိနိုင်ရန် ထောက်ပံ့ပြီး၊ တိုးမြှင့် ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် လူ့အခွင့်အရေးများ၏ အရေးပါသည့် အခန်းကဏ္ဍ ကို အသိအမှတ်ပြုသည်။

၈။ ကလေးသူငယ်များ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများ သည် ယင်းတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများကို ကျင့်သုံးနိုင်ရန် အထူးဆောင်ရွက်ချက်များ လိုအပ်သည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးရန်အတွက် သဘာဝအတိုင်းတည်ရှိသည့် နေရာတစ်ခု ဖန်တီးထူထောင်ပေးရန်

၉။ ခြိမ်းခြောက်မှုများ၊ နှောင့်ယှက်မှု၊ ကြောက်လန့်စေမှု၊ အကြမ်းဖက်မှု၊ ကန့်သတ်မှု သို့မဟုတ် မလုံခြုံမှု တို့မှ ကင်းဝေးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးနိုင်မှု ရရှိစေရန် လုံခြုံပြီး သဘာဝအတိုင်းတည်ရှိသည့် နေရာတစ်ရပ် ရရှိရေးကို လူတိုင်းအား အာမခံချက်ပေးသင့်သည်။

၁၀။ ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ကျင့်သုံးသူ တစ်ဦးဦးအား မည်သည့်ပုံစံမျိုးဖြင့်မဆို ခြိမ်းခြောက်မှုနှင့် လက်စားချေမှု တို့မှ ကာကွယ်ပေးသင့်သည်။ ထို့ပြင် ယင်းအချက်သည် တရားမကြောင်း၊ စီမံခန့်ခွဲမှုနည်းလမ်းနှင့် ရာဇဝတ်ကြောင်း တို့အရ တရားစွဲဆိုခြင်းမပြုစေသင့်။

၁၁။ နှောက်ယှက်မှုမှ ကင်းဝေးသည့် ထင်မြင်ချက်များ အမြင်များထားရှိရန် သတင်းအချက်အလက်ကို ရှာဖွေရန်၊ ရရှိရန်နှင့် ပညာပေးရန် နှင့် လွတ်လပ်မှု၊ အများပြည်သူ့ရေးရာ နှင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုတွင် ပါဝင်သည့် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့် အပါအဝင် လူ့အခွင့်အရေးများကို ကျင့်သုံးရေးနှင့် ထိရောက်ပြီး ဥပဒေအရ ကုစားပိုင်ခွင့်ရှိသည့် ကုစားမှုတစ်ရပ်ဆိုင်ရာ အခွင့်အရေးတို့သည် ဘေးကင်းလုံခြုံ၍ သန့်ရှင်းပြီး၊ ကျန်းမာရှင်လန်း၍ စဉ်ဆက်မပြတ်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို လေးစားမှု၊ ကာကွယ်မှု နှင့် တိုးမြှင့်မှုတို့အတွက် မရှိမဖြစ်အရေးပါသည်။

၁၂။ AMS သည် --

(၁) သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် တိုးမြှင့်ရန် ယင်းတို့၏ တစ်ဦးချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု စွမ်းဆောင်ရည်အရ ထို့ပြင် ငြိမ်းချမ်းစွာ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် အသိုင်းအဝိုင်းများကို ဥပဒေကြောင်းအရ ကာကွယ်မှုပေးရန် ဥပဒေနှင့် ပေါ်လစီများကို တိုးမြှင့် ဆောင်ရွက်ခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း ပြုလုပ်ပေးသင့်သည်။

(၂) ဘေးကင်းလုံခြုံ၍ သန့်ရှင်းပြီး၊ ကျန်းမာရှင်လန်း၍ စဉ်ဆက်မပြတ်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ရရှိခံစားနိုင်ခြင်းနှင့်ဆက်စပ်သည့် ခွဲခြား

ဆက်ဆံမှုမရှိစေရန်၊ ခွဲခြားဆက်ဆံမှုကို တားမြစ်သင့်ပြီး သာတူညီမျှမှုနှင့် ထိရောက်သည့် ကာကွယ်မှု ရရှိစေရန် ဆောင်ရွက်သင့်သည်။

(၃) သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းကို ကာကွယ်ရန်အလို့ငှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ကို ထုတ်ဖော်ပြောဆိုသည့် လျှို့ဝှက်သတင်းပေးသူများအား ဥပဒေကြောင်းအရ ကာကွယ်ပေးသင့်သည်။

(၄) သဘာဝပတ်ဝန်းကျင်ရေးရာများနှင့်စပ်လျဉ်း၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို လေးစားပြီး ကာကွယ်ပေးသင့်သည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် သတင်းအချက်အလက်များ ရရှိပိုင်ခွင့်

၁၃။ လူတိုင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်ကို တောင်းခံပိုင်ခွင့်၊ ပေးပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်၊ တို့အပြင် အစိုးရအာဏာပိုင်များထံမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက် တောင်းခံပိုင်ခွင့်ကို ရရှိသင့်သည်။

၁၄။ AMS သည် --

(၁) စဉ်ဆက်မပြတ် နှင့် ထင်သာမြင်သာရှိသည့် အခြေခံမှုဖြင့် အီလက်ထရွန်နစ်နှင့် အခြားနည်းလမ်းများတို့ဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရေးရာကိစ္စရပ်များ၏ သတင်း အချက်အလက်များကို သင့်လျော်သည့်ဘာသာစကားများနှင့် ယဉ်ကျေးမှုအရ သင့်လျော်သည့် ပုံစံဖြင့် တက်ကြွစွာ စုစည်းရန်၊ စာရင်းပြုစုရန်၊ ပုံနှိပ်ထုတ်ဝေရန် နှင့် အများပြည်သူ လက်လှမ်းမီရန်နှင့် လက်ရောက်ပေးအပ်ရန်တို့ကို သေချာစွာ ဆောင်ရွက်ပေးသင့်သည်။

(၂) တောင်းဆိုချက်တစ်ရပ်အား စနစ်ကျသည့်၊ တက်ကြွသည့်၊ အချိန်မီ၊ အချိန်မှန်၊ ရရှိနိုင်ပြီး အားလုံးလွှမ်းခြုံသည့် အနေအထားဖြင့် တောင်းဆို၍ အများသူငှာသိရှိစေရန် ဆောင်ရွက်ပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ သတင်းအချက်အလက်အား ရရှိစေရန်ဆောင်ရွက်ပေးသင့်သည်။

(၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်စနစ်များအား နည်းလမ်းတကျဖွဲ့စည်းထားရှိပြီး လူတိုင်းရရှိအသုံးပြုနိုင်ရန်နှင့် အွန်လိုင်းနှင့် အခြားသင့်တော်သည့်

နည်းလမ်းများဖြင့် လွယ်လင့်တကူ ရရှိနိုင်ရန် အာမခံသင့်သည်။ ထို့ပြင် ယင်းအား ပြန်လည်ထုတ်ယူခြင်း သို့မဟုတ် အသုံးပြုခြင်း (နှင့် တောင်းခံလာပါက မည်သူ့ကိုမဆို သတင်းအချက်အလက်အား စရိတ်စကသက်သာစွာဖြင့် ထိထိရောက်ရောက်နှင့် အချိန်မီ ရရှိစေရန်ဖြည့်ဆည်းပေးခြင်း) တို့အတွက် ကန့်သတ်ချက်များ မထားရှိစေရန် အာမခံသင့်သည်။

(၄) နိုင်ငံအတွင်းအသုံးပြုနေသည့် အမျိုးမျိုးသော ဘာသာစကားများဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များအား အများတကာသိရှိ စေရေးအတွက် လုပ်ထုံးလုပ်နည်းများကို လက်တွေ့ကျကျဆောင်ရွက်နိုင်သည့်အတိုင်းအတာထိ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းသင့်သည်။ ထို့ပြင် ယင်းအဖွဲ့သည် သင့်လျော်သည့် ဆက်သွယ်ရေးလမ်းကြောင်း များကိုအသုံးပြုလျက် အထူးသဖြင့် ထိခိုက်လွယ်သော အခြေအနေများတွင်ရှိသည့် ပုဂ္ဂိုလ်များနှင့် အုပ်စုများအတွက် အားလုံးလွှမ်းခြုံပြီး ယဉ်ကျေးမှုအရ သင့်လျော်သော အခြားပုံစံများကို ပြင်ဆင်ဆောင်ရွက်ပေးရန် ကြိုးပမ်းသင့်သည်။

(၅) ပုဂ္ဂလိကကဏ္ဍပိုင်ဆိုင်မှုလက်ဝယ်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်၊ အထူးသဖြင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖြစ်နိုင်ခြေ အန္တရာယ်များတို့အပြင် လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် အကျိုးသက်ရောက်မှုရှိသည့် သတင်းအချက်အလက်တို့ကို လက်ခံရရှိမှုပိုမိုလွယ်ကူစေရန် ဥပဒေအရ၊ နည်းဥပဒေအရ သို့မဟုတ် စီမံအုပ်ချုပ်မှုအရ ဆောင်ရွက်ပေးသင့်သည်။

(၆) လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအတွက် ထိုက်သင့်သည့် အလေးထားမှုဖြင့် အစီရင်ခံခြင်း၊ အန္တရာယ်ရှိမှုကို သုံးသပ်ချက်တို့အပြင် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များအား ထင်ဟပ်စေသည့် စဉ်ဆက်မပြတ်ဖြစ်ထွန်းမှု အစီရင်ခံစာများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အစီရင်ခံခြင်းကို အထက်ပါအဖွဲ့အစည်းများက ပြင်ဆင်ပြုစုပေးရန်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် အများပြည်သူ ပါဝင်ခြင်း

၁၅။ လူတိုင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် အဆုံးအဖြတ်ပေးရာ၌ ကိုယ်တိုင်ပါဝင်ပိုင်ခွင့်ရှိသည်။ ကိုယ်တိုင်ပါဝင်ခွင့်သည် လုံခြုံပြီး အဓိပ္ပာယ်ရှိ၍ အကျိုးသက်ရောက်မှု ရှိရမည့်အပြင် ဆုံးဖြတ်ချက်မချမှတ်မီ အစောဆုံးဖြစ်နိုင်သည့်အဆင့်တွင် ဖြစ်သင့်သည်။ ထို့ပြင် ယင်းသို့ ပါဝင်ပိုင်ခွင့်သည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ထိရောက်သည့် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော အဆိုပြုထားသည့် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ခွင့်ပြုချက်များနှင့် အခြားအရေးယူ ဆောင်ရွက်ချက်များ၊ စီမံချက်များ၊ အစီအစဉ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေကြမ်းများ၊ နည်းဥပဒေများ နှင့် ပေါ်လစီများ အပေါ် ဆုံးဖြတ်ချက် မချမှတ်မီ ပြင်ဆင်နေချိန်၌ အခွင့်သာဆုံးအချိန်အခါကိုဆိုသည်။

၁၆။ AMS သည် --

(၁) ဥပဒေများ၊ နည်းဥပဒေများနှင့် ပေါ်လစီများဖြင့် အများပြည်သူ ကိုယ်တိုင်ပါဝင်ခြင်း လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ အများပြည်သူဆိုင်ရာ ကိုယ်တိုင်ပါဝင်ခြင်းလုပ်ထုံးလုပ်နည်းများသည် ထင်သာမြင်သာပြီး၊ ပွင့်လင်း၍ အားလုံးပါဝင်သော အဓိပ္ပာယ်ပြည့်စုံသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အများပြည်သူ ကိုယ်တိုင်ပါဝင်ခြင်းကို ဖြစ်ထွန်းလာစေရန် ဖြစ်သည်။

(၂) ထိခိုက်လွယ်သည့် အခြေအနေများရှိ ပုဂ္ဂိုလ်များထံမှ လေးနက်သည့် ကိုယ်တိုင်ပါဝင်ခြင်းရရှိစေရန် ယင်းပုဂ္ဂိုလ်များအတွက် အထူးဆောင်ရွက်ထားရှိမှုများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပေးသင့်သည်။

(၃) သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေရာ၌ လေးနက်သည့် ကိုယ်တိုင်ပါဝင်မှု ရရှိစေရန် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်များ နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ယင်းတို့၏ ရွေးချယ်တင်မြှောက် ထားသည့် ကိုယ်စားပြု ပြောဆိုပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးများကို တိုးမြှင့်ပြီး ထောက်ပံ့ပေးသင့်သည်။

(၄) ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ဆန့်ကျင်သည့် မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းကို တိုက်ဖျက်ရန်နှင့် တားဆီးရန် ဥပဒေပြဋ္ဌာန်းခြင်းနှင့် တရားရေးဆိုင်ရာ နည်းဥပဒေများကို

ရေးဆွဲပေးသင့်သည်။ ထို့ပြင် အဆိုပါ မဟာဗျူဟာမြောက် တရားစွဲဆိုမှုများကို နိုင်ငံတစ်နိုင်ငံကဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ယင်းစွဲဆိုမှုကို ဆက်လက် ထားရှိခြင်းမရှိစေရန် ဆောင်ရွက်ပေးသင့်သည်။

၁၇။ (လူမျိုးစုအသိုင်းအဝိုင်းများသည်) အပြည်ပြည်ဆိုင်ရာစံနှုန်းများ၊ ပြည်တွင်းဥပဒေများ၊ ပေါ်လစီများနှင့် အညီ ယင်းတို့၏အသိုင်းအဝိုင်းအပေါ် သက်ရောက်မှု ရှိလာနိုင်သည့် လုပ်ငန်း ဆောင်ရွက်ချက်များအတွက် လွတ်လပ်ပြီး ကြိုတင်အကြောင်းကြားသည့် သဘောတူ ခွင့်ပြုချက်ပေးပိုင်သည့် အခွင့်အရေးရှိရမည်။

၁၈။ (သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများပေါ်တွင် ထူးခြားစွာ အကျိုး သက်ရောက်စေနိုင်သည့် ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် လူ့အခွင့်အရေးများ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိုက်သင့်သည့် အလေးဂရုပြုမှုနှင့် အန္တရာယ်သုံးသပ်ချက်တို့ကို AMS သည် အများပြည်သူ နှင့် ပုဂ္ဂလိကကဏ္ဍဆုံးဖြတ်ချက်ချမှတ်ခြင်းနှစ်ရပ်စလုံးတွင် ပါဝင်လာစေရန် ဆောင်ရွက်ပေးသင့်သည်။)

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် တရားမျှတမှု နှင့် ထိရောက်သော ကုစားမှုများကို ရရှိရေး

၁၉။ ပြည်တွင်း ဥပဒေများနှင့် AMS နိုင်ငံများတွင်အသုံးပြုနိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများအရ ပုဂ္ဂိုလ်တစ်ဦးဦးအား ပေးအပ်ထားသည့် အခွင့်အရေးများကို ချိုးဖောက်သည့်လုပ်ဆောင်ချက်များအတွက် တရားရုံးကဖြစ်စေ အခြားလုပ်ပိုင်ခွင့်ရှိသည့် အာဏာပိုင်ကဖြစ်စေ ဆုံးဖြတ်ချက်ချမှတ် နိုင်စေရန် လူတိုင်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၌ ငွေကြေးသက်သာပြီး ထိရောက်သည့် ဥပဒေအရ ကုစားပိုင်ခွင့်ရှိရမည်။

၂၀။ AMS သည် --

(၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် တရားမျှတမှုရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ပြီး ဖြစ်မြောက်အောင် လုပ်ဆောင်ပေးသင့်သည်။

(၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ အပါအဝင် ယင်းတို့၏အခွင့်အရေးများကို ဆုံးဖြတ်ရာ၌ လွတ်လပ်ပြီး၊ ဘက်လိုက်မှုကင်းသော ခုံရုံးတစ်ရပ်ဖြင့် တရားမျှတပြီး၊ ချက်ချင်းကြားနာပိုင်ခွင့်ကို လူတိုင်းအခွင့်အရေးတစ်ရပ်အနေဖြင့် ရရှိနိုင်ရန် ဆောင်ရွက်ပေးရမည်။

(၃) သဘာဝပတ်ဝန်းကျင်ကိုခြိမ်းခြောက်မှုရှိသည့် အန္တရာယ်ပြုမှုအား တားဆီးကာကွယ်ရန်နှင့် ဥပဒေကိုချိုးဖောက်သည့် အများပြည်သူဆိုင်ရာအာဏာပိုင်များ သို့မဟုတ် လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို စိန်ခေါ်ရန်အတွက် ပြည်တွင်းဥပဒေများ အရ တာဝန်ရှိမှုတစ်ရပ်ရပ်ကို ချိုးဖောက်မှုများအား တရားစွဲဆိုခြင်းအပါအဝင် တရားမျှတမှုနှင့် ကုစားရေးကို ရရှိရေးတို့အတွက် တရားရုံးရှေ့မှောက်တွင် ရပ်တည်ပိုင်ခွင့် ရှိရမည်။

(၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားစီရင်ရေး နည်းဥပဒေများနှင့် (ကြိုတင်စီမံမှုနှင့်ကြားဖြတ်တရားရေးဆိုင်ရာ) ကုစားမှုများ အပါအဝင် တရားမျှတမှု ရရှိရေးကို ကျင့်သုံးရန်အတွက် အတားအဆီးများကို ပပျောက်စေရန် သို့မဟုတ် လျော့နည်းစေရန် အရေးယူဆောင်ရွက်ချက်များကို စဉ်းစား ပေးသင့်သည်။

(၅) အငြင်းပွားမှုများကိုကာကွယ်ရန် သို့မဟုတ် ဖြေရှင်းရန် ခွင့်ပြုသည့် ဖျန်ဖြေပေးခြင်း၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ စေ့စပ်ဖျန်ဖြေခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသည့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အခြားနည်းနှင့် နောက်တိုးအငြင်းပွားမှုဖြေရှင်းရေး နည်းလမ်းများအား အသုံးပြုရေးကို တိုးမြှင့်ဆောင်ရွက်ပေးသင့်သည်။ (ဤနည်းလမ်းများအား လူ့အခွင့်အရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို ဆက်လက် ချိုးဖောက်စေနိုင်သည့် ရလာဒ်တစ်ရပ် ထွက်ပေါ်လာစေရန်အတွက် အသုံးမပြုသင့်။)

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်သူများအား အသိအမှတ်ပြုရေး နှင့် ကာကွယ်စောင့်ရှောက်ရေး**

၂၁။ ပြည်တွင်းဥပဒေများသည် ခြိမ်းခြောက်မှုများ နှင့်လက်စားချေမှုများမှ ထပ်မံကာကွယ်မှုပေးရန် လိုအပ်နေပြီး သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းကို လုပ်ကိုင်နေသော အမျိုးသားအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ အပါအဝင် လူတစ်ဦးချင်းစီတိုင်းနှင့်အုပ်စုတိုင်းကို အကာအကွယ်ပေးသင့်သည်။

၂၂။ AMS သည် --

(၁) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများအတွက် တိုးမြှင့်ဆောင်ရွက်ပြီး ကြိုးပမ်းနေသူများအပြင် ယင်းတို့၏အခွင့်အရေးများကို ကျင့်သုံးနိုင်စွမ်းရှိသည့် အရည်အချင်းကို အသိအမှတ်ပြုရန်နှင့် ကာကွယ်ရန် လုံလောက်ပြီး၊ ထိရောက်သည့် အရေးယူ ဆောင်ရွက်ချက်များကို ပြုလုပ်ပေးသင့်သည်။

(၂) သဘာဝပတ်ဝန်း ကျင်ဆိုင်ရာအခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်သူများအား မည်သည့်ပုံစံမျိုးဖြင့်မဆို ခြိမ်းခြောက်မှု၊ လက်စားချေမှုတို့မှ ကင်းလွတ်စေရန် အကာအကွယ်ပေးသင့်သည်။ ထို့ပြင် ယင်းအဖွဲ့သည် အဆိုပါအခွင့်အရေးများကို ကျင့်သုံးရန်အတွက် တရားမကြောင်း၊ စီမံအုပ်ချုပ်ရေး သို့မဟုတ် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းမရှိစေရန် ဆောင်ရွက်ပေးသင့်သည်။

(၃) သဘာဝပတ်ဝန်းကျင်အခွင့်အရေးများအတွက် တိုးမြှင့်ဆောင်ရွက်ပြီး ကြိုးပမ်းသူများကို ခြိမ်းခြောက်မှုများ သို့မဟုတ် ကြောက်လန့်စေမှုတို့အား အကာအကွယ်ပေးရန်၊ စုံစမ်းစစ်ဆေးရန်၊ အဟန့်အတားဖြစ်စေရန်နှင့် ပြစ်ဒဏ်ချမှတ်နိုင်ရန် သင့်တော်ပြီး ထိရောက်သည့် အချိန်မီအရေးယူနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။

(၄) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအတွက် တိုးမြှင့်ဆောင်ရွက်ပြီး ကြိုးပမ်းဆောင်ရွက်သူများအပေါ် ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှုများ၊ သို့မဟုတ် ကြောက် လန့်စေမှု များကိုဖြေရှင်းပေးရန်အတွက် အာဆီယံ သို့မဟုတ် အမျိုးသားအဆင့်၌ ချက်ချင်းလက်တုန့်ပြန်သည့်စနစ် သို့မဟုတ် စီမံချက် တစ်ရပ် တည်ထောင်ရေးအတွက် စဉ်းစားပေးသင့်သည်။

## အရင်းခံလိုအပ်ချက်များ

၂၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ဘေးကင်းလုံခြုံ၊ သန့်ရှင်းကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို ရရှိစေရန် ဖြစ်ပေါ်စေသည်ကို အသိအမှတ်ပြုလျက်၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် လက်တွေ့ ကျင့်သုံးနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် လုံခြုံရေးစံနှုန်းများကို ထည့်သွင်းစဉ်းစားသည့် ခွဲခြားမှုမရှိသည့်အပြင် နောက်ကြောင်းပြန်မှု မရှိသော အရင်းခံဥပဒေ၊ နည်းဥပဒေများ၊ ပေါ်လစီများနှင့် စံနှုန်းများအားပြဋ္ဌာန်းခြင်း နှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းကို AMS သည် ဆောင်ရွက် ပေးသင့်သည်။

၂၄။ အောက်ဖော်ပြပါ အရင်းခံလိုအပ်ချက်များကို အထူးရည်ညွှန်းလျက် ဘေးကင်းလုံခြုံ၊ သန့်ရှင်း ကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို အကောင်အထည်ဖော်ရာတွင် ဖော်ပြပါ လုပ်ဆောင်ချက်များက ထောက်ကူပေးသင့်သည်။ ယင်းတို့မှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူ ညစ်ညမ်းမှုအား သန့်ရှင်းသည့်လေအဖြစ် ပြောင်းလဲစေခြင်းနှင့် လျှော့ချခြင်း၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ သင့်လျော်အောင်စီစဉ်ဆောင်ရွက်ရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးတို့အပါအဝင် လုံခြုံပြီး၊ တည်ငြိမ်သည့် ရာသီဥတုတစ်ရပ်ဖြစ်ထွန်းလာစေရေး၊ ကောင်းမွန်သည့် ဇီဝဂေဟစနစ်များနှင့် ဇီဝမျိုးစုံ မျိုးကွဲများ တည်ရှိရေး၊ လုံခြုံပြီး လုံလောက်သည့်ရေနှင့် ပြည့်စုံလုံလောက်သည့် မိလ္လာနှင့် ရေနုတ်မြောင်းထားရှိမှု၊ သန့်ရှင်းပြီး လုံလောက်စွာထုတ်လုပ်ထားသည့် အစားအစာရရှိရေး၊ အဆိပ်အတောက် အငွေ့အသက်များ ကင်းစင်သည့် ဝန်းကျင်များ၊ မြေကြီးယိုယွင်းပျက်စီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု နှင့် မိုးခေါင်ရေရှားမှု မဖြစ်ပေါ်စေရေးနှင့် သန့်ရှင်း ကောင်းမွန်သည့် သမုဒ္ဒရာ၊ ပင်လယ်နှင့် ကမ်းရိုးတန်းများ တည်ရှိစေရေး တို့ဖြစ်ကြသည်။

၂၅။ AMS သည် လူ့အခွင့်အရေးများအား အပြည့်အဝခံစားနိုင်မှုအား နှောင့်ယှက်သော သဘာဝ ပတ်ဝန်းကျင်ကို အန္တရာယ်ပြုမှုကိုကာကွယ်ရန်၊ လျှော့ချရန်နှင့် ကုစားရန် ယင်းတို့၏ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ဥပဒေများကို ထိရောက်သည့် အရေးယူဆောင်ရွက်မှုအဖြစ် အထမြောက်စေရန် တိုးမြှင့် ဆောင်ရွက်ပေးရမည်။

၂၆။ AMS သည်--

(၁) "ကူမင်း-မွန်ထရယ်၊ ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင်" အပါအဝင် အာဆီယံ နိုင်ငံများက အတည်ပြုထားသည့် ဘက်စုံသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီ ချက်များကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုသင့်သည်။ ထို့ပြင် ယင်းတွင် အထူးသဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် (ဌာနေတိုင်းရင်းသား များနှင့်) ထိခိုက်လွယ်သည့် အခြေအနေရှိအုပ်စုများ၊ ဒေသန္တရ လူမှုအသိုင်းအဝိုင်းများ နှင့် လူမျိုးစုများ၏ အခန်းကဏ္ဍကို အလေးဂရုပြု၍ ပါဝင်စေလျက် လူ့အခွင့်အရေးများကို အခြေခံသည့် ချဉ်းကပ်မှုနည်းလမ်းတစ်ရပ် ပါဝင်သင့်သည်။

(၂) နယ်စပ်ဖြတ်ကျော်၍ မီးခိုးမြူရောက်ရှိမှု၊ မြို့ပြ၊ အဆောက်အအုံအတွင်းနှင့် ကျေးလက် ဒေသ လေထုညစ်ညမ်းမှုကို လျှော့ချရန်၊ အများပြည်သူဆိုင်ရာကျန်းမာရေး နှင့် သန့်ရှင်းသည့် ဝန်းကျင်ထူထောင်ရေး နှင့် လေထုညစ်ညမ်းမှုနှင့် သန့်ရှင်းသည့် လေထု

အရည်အသွေး ရရှိရေးအတွက် လေထုညစ်ညမ်းမှုအပေါ် ဆောင်ရွက်ချက်များနှင့် ထုတ်လွှတ်မှုများကို ထုတ်ပြန်ကြေညာခြင်း၊ လိုက်နာဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ရေးသေချာစေရန် လက်တွေ့ဖြစ်နိုင်သရွေ့ အရေးယူဆောင်ရွက်ရန် အတွက် ဥပဒေ၊ နည်းဥပဒေ၊ ပေါ်လစီများကို အကောင်းအထည်ဖော်ရန် ပူးပေါင်း ဆောင်ရွက်သင့်သည်။

(၃) ညစ်ညမ်းမှုကို ထိန်းချုပ်ရန်နှင့် မြေကြီးနှင့် အပေါ်ယံမြေညီလွှာ အဆိပ်အတောက်ဖြစ်စေမှုကို ကာကွယ်ရန်တို့အတွက် ယင်းသို့သော စွန့်ထုတ်မှုများနှင့် ထုတ်လွှတ်မှုတို့အား ကာကွယ်ရန်၊ လျှော့ချရန်နှင့် ထိန်းချုပ်ရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ထို့ပြင် ယင်းသည် အာဆီယံ သဘာဝပတ်ဝန်းကျင် အရည်အသွေးစံနှုန်းများနှင့် ထုတ်လွှတ်မှုစံနှုန်းများကို ထောက်ပံ့ရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။

(၄) ဆုံးရှုံးမှုနှင့် ပျက်စီးမှု ပြဿနာရပ်များကို ဖြေရှင်းခြင်း၊ တရားမျှတမှုရှိသည့် ပြောင်းလဲမှုကို ထောက်ပံ့ခြင်း၊ ရာသီဥတုက ဖန်တီးသည့် ရွှေ့ပြောင်းခြင်း လွယ်ကူမှု၊ ဘေးအန္တရာယ်သင့်မှု လျှော့ချရေးနှင့် ထိခိုက်လွယ်သည့် အခြေအနေရှိ အုပ်စုများအား ထောက်ပံ့ရေးတို့အပါအဝင် ရာသီဥတုပြောင်းလဲမှု ကျရောက်နိုင်ခြေရှိသည့် သက်ရောက်မှုကို လျှော့ချရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည် ဖော်ရန်အတွက် သိပ္ပံနည်းကျ သက်သေခံအထောက်အထားနှင့် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုနည်းစနစ်နှင့်အညီ လိုအပ်သည့်ဆောင်ရွက်မှု အဆင့်ဆင့်တို့အားလုံးကို ဆောင်ရွက် ပေးသင့်သည်။

(၅) ငွေကြေးထောက်ပံ့မှုအပါအဝင် သဘာဝအလျောက်တည်ရှိသည့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုအား ကာကွယ်ရန်၊ လျှော့ချရန်နှင့်၊ ထိန်းချုပ်ရန်တို့ကို ကြိုးပမ်းဆောင်ရွက်သင့်သည်။ ထို့ပြင် ဂေဟစနစ် အဆင့်ဆင့်များ ပုံမှန်လည်ပတ်ရေးကို ထိန်းသိမ်းရန်အတွက် မြေပြင်၊ မြစ်ရေပြင် နှင့် ပင်လယ်ပြင်ရှိ ဇီဝမျိုးစုံမျိုးကွဲ တည်ရှိမှုကို ကာကွယ်ရန်အတွက် တိုးမြှင့်ရန် ဆောင်ရွက်ပေးသင့်သည်။

(၆) ကောင်းမွန်သည့် မြေဆီလွှာများကို ကာကွယ်ပြီး တိုးတက်ဖြစ်ထွန်းစေရန် အပြင်၊ မြေကြီးအသုံးချမှုနှင့် မြေကြီးအသုံးချမှုပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုကြောင့် ဆားငံရေဝင်မှုတို့ကြောင့် ပျက်ယွင်းမှုနှင့် အရည်အသွေးကျဆင်း

မှုမှ အပေါ်ယံမြေဆီလွှာများကို ကာကွယ်ပေးခြင်းအပါအဝင် ကောင်းမွန်သည့် အပေါ်ယံမြေဆီလွှာများကို ထိန်းသိမ်းရန်နှင့် တိုးတက်ဖြစ်ထွန်းစေရန် တို့အတွက် ဥပဒေ၊ နည်းဥပဒေများနှင့် ပေါ်လစီများကို အကောင်အထည်ဖော်ရန် ဆောင်ရွက်ပေးသင့်သည်။

(၇) လုံခြုံပြီး ငွေကြေးသက်သာသည့် ရေနှင့် မိလ္လာစနစ်ကို ရရှိပိုင်ခွင့်ကို ကာကွယ်ပြီး တိုးမြှင့်ရန် ဆောင်ရွက်ပေးသင့်သည်။ ထို့ပြင် ယင်းသည် မြေကြီးအသုံးချမှုနှင့် မြေကြီးအသုံးချမှု ပြောင်းလဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုကြောင့် ဆားငံရေဝင်ခြင်းတို့ကြောင့် အန္တရာယ်ရှိမှုနှင့် ပျက်စီးယိုယွင်းမှုတို့မှ အပေါ်ယံမြေဆီလွှာ များအား ကာကွယ်ခြင်းအပါအဝင် ကောင်းမွန်သည့် အပေါ်ယံမြေဆီလွှာကို ထိန်းသိမ်းထားရှိရန်နှင့် တိုးမြှင့်ဆောင်ရွက်ရန်တို့အတွက် ဥပဒေ၊ နည်းဥပဒေများနှင့် ပေါ်လစီများကို တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ပေးသင့်သည်။

(၈) ၂၀၂၃ ခုနှစ် အာဆီယံ ဒေသအတွင်း ကောင်းမွန်သည့် စီးပွားရေးမူဘောင် ကို အကောင်အထည်ဖော်ရာတွင် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းနေ လူမှုအသိုင်းအဝိုင်းများ ပေါ်တွင် ဆိုးဖြတ်ချက်သက်ရောက်မှုတွင် သမုဒ္ဒရာကို လူသားအားလုံးအတွက် ညီမျှစွာ အကျိုးခံစားခွင့် နှင့် ပင်လယ်ပြင်သို့ အညစ်အကြေးများစီးဝင်မှု နှင့် ပလက်စတစ် ညစ်ညမ်းမှုနှင့် ပင်လယ်ပြင်ထွက် သယံဇာတပစ္စည်းများကို ဥပဒေမဲ့နှင့် နည်းလမ်းတကျမဟုတ်ဘဲ ထုတ်ယူခြင်းတို့အပါအဝင် ပင်လယ်ပြင် သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းစေမှုဖြစ်စေနိုင်သော လုပ်ရပ်များကို ထိန်းချုပ်ရန် တို့အတွက် စဉ်းစားပေးသင့်သည်။

(၉) ဒီရေတောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်ရေညှိများ နှင့် မျိုးဆက်ပွားသည့် နေရာများကို ကာကွယ်ရန် နှင့် ထိန်းသိမ်းရန်တို့အတွက် လိုအပ်သော အဆင့်ဆင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးသင့်သည်။

(၁၀) ပင်လယ်ကမ်းရိုးတန်းဇုန်ကို စီမံအုပ်ချုပ်ရာတွင် ပြဿနာရပ်များနှင့် စိန်ခေါ်မှုများအား ဖြေရှင်းရန် ဘက်စုံကမ်းရိုးတန်းဇုန် စီမံမှုနည်းလမ်းများနှင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော် သင့်သည်။

## သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း

၂၇။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းသည် ဘေးကင်းလုံခြုံ၊ သန့်ရှင်း ကောင်းမွန်ပြီးရေရှည်တည်တံ့သောပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို တိုးမြှင့်ရန်နှင့် ကာကွယ်ရန် အဓိကကျသော ကိရိယာတစ်ခုဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးသော ကျင့်စဉ်များနှင့် သက်သေခံအထောက်အထားကို အခြေခံသည့် သိပ္ပံပညာရပ်ကို အသုံးပြုလျက် ကျန်းမာရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးများ သက်ရောက်မှုသုံးသပ်ချက်အပါအဝင် သက်ရောက်မှုသုံးသပ်ချက်၏ သက်ဆိုင်သည့်အစိတ်အပိုင်းများပါဝင်ရန် လုပ်ထုံးလုပ်နည်းများကို ဖန်တီးပြုလုပ်သင့်သည်။

၂၈။ AMS သည် --

(၁) အကြီးစားလုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံချက်များနှင့် အစီအစဉ်များကို ဆောင်ရွက်ရန်အတွက် မဟာဗျူဟာမြောက် နှင့် အဝေးမြင် ရှုမျှော်ခင်းအဆင့် ဝန်းကျင်သုံးသပ်ချက်တို့ကို တိုးမြှင့် ဆောင်ရွက်သင့်သည်။

(၂) ပြည်တွင်းဥပဒေပြုမှုကို ကျော်လွန်သည့် ဧရိယာတွင် ထူးခြားစွာသက်ရောက်မှု ဖြစ်စေနိုင်သည့် အဆိုပြုစီမံကိန်းများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်စစ်ခြင်းရရှိရန် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ စံချိန်စံညွှန်း များနှင့် ဒေသတွင်းတည်ဆဲကျင့်စဉ်များတို့ကို လိုက်နာလျက် နယ်စပ်ဖြတ်ကျော်ကာ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုစနစ်တစ်ရပ်ဖြစ်ထွန်းလာစေရန်နှင့် အကောင်အထည်ဖော်ရန် ဆောင်ရွက်သင့်သည်။

(၃) လူ့အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင် ထိုက်သင့်သည့် သတိဝီရိယထားရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအတွက် သဘာဝအခြေခံ ဖြေရှင်းချက်များအပါအဝင် ထိုက်သင့်သည့် သတိဝီရိယထားရှိမှုနှင့် အန္တရာယ်သုံးသပ်မှု ကိရိယာများအား အသုံးပြုမှုကို အားပေးဆောင်ရွက်သင့်သည်။

## သုတေသနနှင့် ပညာပေးခြင်း

၂၉။ ကလေးသူငယ်များနှင့် လူငယ်များအပါအဝင် လူတိုင်းသည် ယင်းတို့၏ အသက်နှင့် အခြေအနေများနှင့် စပ်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအပါအဝင် ၎င်းတို့သည် အခမဲ့နှင့် အားလုံးလွှမ်းခြုံသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရပ်ရရှိခံစားပိုင်ခွင့်ရှိသည်။

၃၀။ AMS သည် --

(၁) ထိခိုက်လွယ်သည့် အုပ်စုများအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ အတွက် သုတေသနနှင့် ပညာပေးမှုကို ထောက်ပံ့သင့်သည်။

(၂) သင့်လျော်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖက်စပ်နှင့် ပူးပေါင်းဆောင်ရွက် ရာတွင် ရာသီဥတုပြောင်းလဲမှု၊ ညစ်ညမ်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ တည်ရှိမှုကို ကာကွယ်ခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးပြဿနာရပ်များ၌ လက်တွေ့ ဖြစ်နိုင်ခြေရှိပါက တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် သိပ္ပံနည်းကျ နှင့် နည်းပညာဆိုင်ရာ သုတေသနအစီအစဉ်များကို ထောက်ပံ့ပေးသင့်သည်။

(၃) အာဆီယံတွင် လူ့အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စတို့၌ ရာသီဥတု ပြောင်းလဲမှု၊ ဇီဝမျိုးစုံ မျိုးကွဲဆုံးရှုံးမှု နှင့် ညစ်ညမ်းမှုတို့ကြောင့် သက်ရောက်မှု များဆိုင်ရာ သတင်းအချက်အလက် အခမဲ့ ဖလှယ်ရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေး တို့ကို အားပေး သင့်သည်။

(၄) အာဆီယံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ ဖလှယ်မှုအား ထောက်ပံ့ သင့်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများပညာရေးကို တိုးမြှင့်သင့်သည်။

## နယ်စပ်ဖြတ်ကျော်၊ နယ်စည်းမခြား နှင့် အရေးပါသူများ ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရေး

၃၁။ အာဆီယံအတွင်းရေးမှူးများရုံး ၏ ထောက်ပံ့မှုဖြင့် သက်ဆိုင်ရာ အာဆီယံ ကဏ္ဍအလိုက် ဌာနများနှင့် အဖွဲ့အစည်းများကြားတွင် သက်ဆိုင်ရာ အရေးပါသူများအကြား ဆွေးနွေးညှိနှိုင်းခြင်း များအပါအဝင် ကောင်းမွန်သည့် ကျင့်စဉ်များနှင့် ပေါ်လစီများ၊ အသိပညာစီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင် ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း သတင်းအချက်အလက်ကို မျှဝေခြင်းတို့ဖြင့် **ဤထုတ်ပြန်ချက်** အား အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ရန် အလို့ငှာ ဘက်စုံပူးပေါင်း ဆောင်ရွက်ရေး ကို တိုးမြှင့်ရန် လိုအပ်ကြောင်း AMS က အသိအမှတ်ပြုသည်။

၃၂။ AMS သည် --

(၁) သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် အခြားအဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် ယင်းတို့၏ စီရင်ပိုင်ခွင့် ဧရိယာများတွင် မိမိတို့၏စီရင်ပိုင်ခွင့် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင် သဘာဝ

ပတ်ဝန်းကျင်အား ပျက်စီးယိုယွင်းမှုဖြစ်စေမည့် လုပ်ဆောင်ချက်များ မဖြစ်ပွားစေရန် ဆောင်ရွက်ပေးသင့်သည်။

(၂) နယ်စပ်ဖြတ်ကျော်နှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အန္တရာယ်ကို ကာကွယ်ရန်၊ လျှော့ချရန်နှင့် ကုစားရန်တို့အတွက် ထိရောက်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်များကို တည်ထောင်ရန် ထိန်းသိမ်းရန်နှင့် လိုက်နာဆောင်ရွက်စေရန် ပူးပေါင်း ဆောင်ရွက်သင့်သည်။

(၃) သဘာဝကို ကာကွယ် ထိန်းသိမ်းရေးနှင့် သဘာဝသယံဇာတအရင်းအမြစ် ကို စီမံခန့်ခွဲရာတွင် ယင်းတို့၏လုပ်ဆောင်ချက်များကို ညှိနှိုင်းဆောင်ရွက်ရန် အရည်အချင်းပြည့်စုံသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး **ဤထုတ်ပြန်ချက်**ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအချင်းချင်း အကူအညီပေးသင့်သည်။

## အကောင်အထည်ဖော်ခြင်းနှင့် ဆောင်ရွက်ရန် စီမံချက်

၃၃။ ကြေညာချက်ကို အကောင်အထည်ဖော်ရာတွင် AMS နှင့် အာဆီယံအတွင်းရေးမှူးများရုံးတို့အား ထောက်ပံ့ရန်နှင့် အတွေ့အကြုံနှင့် အကဲဖြတ်တိုးတက်မှု ကို မျှဝေရေး အတွက် အခြေခံမူတစ်ရပ်ကို ပြဋ္ဌာန်းရန်အလို့ငှာ ဥပဒေအရ စည်းနှောင်မှု မရှိသော **ဒေသဆိုင်ရာ အကောင်အထည်ဖော်ရေးစီမံချက်** တစ်ရပ်ကို ရေးဆွဲရမည်။ AICHR သည် **ဤထုတ်ပြန်ချက်** ကို ထုတ်ပြန်သည့်နေ့မှစ၍ (၁) နှစ်အတွင်း ရေးဆွဲပြီးစီးရမည်ဖြစ်သည့် ဒေသဆိုင်ရာ အကောင်အထည်ဖော်ရေးစီမံချက် တိုးတက်မှုရှိစေရန် ဦးဆောင်ရမည်။

-ဤထုတ်ပြန်ကြေညာချက်အား အင်္ဂလိပ်ဘာသာဖြင့် တစ်ခုတည်းသော မူရင်းစာစောင်အဖြစ် ဤ (နေ့ရက်) တွင် (မြို့) (နိုင်ငံ) ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံ/အစိုးရအဖွဲ့ အကြီးအကဲများက အတည်ပြုသည်။